## ၁၉၆၁ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(တတိယပြင်ဆင်ချက်) အက်ဥပဒေ။*

(၁၉၆၁ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၇။)

(၁၉၆၁ခုနှစ်၊ ဩဂုတ်လ ၂၆ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤအက်ဥပဒေကို ၁၉၆၁ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(တတိယပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁တွင်—

(က) ပုဒ်မခွဲ(၁)အစား၊ အောက်ပါကို ပုဒ်မခွဲ(၁)အဖြစ် ထည့်သွင်းရမည်။

"(၁) ဗုဒ္ဓဘာသာ သာသနာတော်သည်၊ နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာ ဘာသာကြီး ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်ဘာသာ သာသနာဖြစ်စေရမည်။"

(ခ) ပုဒ်မခွဲ(၄)နောက်တွင် အောက်ပါကို ပုဒ်မခွဲ (၅)အဖြစ်ထည့်သွင်းရမည်။

"(၅) ပြည်ထောင်စုနိုင်ငံအစိုးရသည်၊ မိမိနှစ်စဉ် သာမန်သုံးငွေ၏ အနည်းဆုံး ၅၀ရာခိုင်နှုန်းနှင့် ညီမျှသော ငွေကို ဘာသာ သာသနာရေးအတွက် ချီးမြှောက်ထောက်ပံ့ရမည်။

ရှင်းလင်းချက်။ ။ 'ဘာသာ သာသနာ'ဆိုသည်မှာ၊ ဤပုဒ်မရှိ ပုဒ်မခွဲ(၁)နှင့် (၂)တို့တွင် ဖော်ပြထားသည့် ဗုဒ္ဓဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ခရစ်ယာန်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဆိုလိုသည်။" ။

၃။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁နောက်တွင်၊ အောက်ပါတို့ကို ပုဒ်မ ၂၁–က၊ ၂၁–ခ၊ ၂၁–ဂနှင့် ၂၁–ဃအဖြစ် ထည့်သွင်းရမည်။

---

* *မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း–၁၊ ၁၉၆၁ခုနှစ်၊ စက်တင်ဘာလ (၂)ရက်၊ စာမျက်နှာ–၁၇၂၂။*

"၂၁-က။ ။ဗုဒ္ဓဘာသာ သာသနာတော်မှာ၊ ပြည်ထောင်စုနိုင်ငံ၏ နိုင်ငံတော်ဘာသာ သာသနာ ဖြစ်သည်နှင့်အညီ၊ ပြည်ထောင်စုနိုင်ငံအစိုးရသည်—

(က) ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓ သာသနာတည်းဟူသော ဗုဒ္ဓဘာသာ သာသနာတော်သုံးရပ်ကို စည်ပင် ပြန့်ပွားအောင် ချီးမြှောက်ထောက်ပံ့ရမည်။

(ခ) ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာသုံးပါးကို ချီးမြှောက်ပူဇော်ရမည်။

(ဂ) အဆိုပါ သာသနာသုံးရပ်နှင့် ရတနာသုံးပါးတို့ကို ရေးသားခြင်းအားဖြင့်သော်လည်းကောင်း၊ မြွက်ဆိုခြင်းအားဖြင့်သော်လည်းကောင်း၊ အခြားနည်းအားဖြင့်သော်လည်းကောင်း၊ စော်ကားမှု၊ မဟုတ်မမှန်စွပ်စွဲမှုစသော ဘေးရန်အန္တရာယ်ခပ်သိမ်းမှ ကာကွယ်စောင့်ရှောက်ရမည်။

**ရှင်းလင်းချက်။** ။ 'သံဃာရတနာ' ဆိုသည်မှာ၊ ရဟန်းတော်တစ်ပါးစီမဟုတ်ဘဲ၊ ရဟန်းတော်အားလုံးကိုဏ်းဂဏမရွေးပါဝင်သော သံဃာကို ဆိုလိုသည်။

၂၁-ခ။ ။ပြည်ထောင်စုနိုင်ငံအစိုးရသည်—

(က) ဆဋ္ဌသံဂါယနာတင် ပိဋကပါဠိတော် အဋ္ဌကထာနှင့် ဋီကာစာမူများကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ထားရမည်။

(ခ) ပြည်ထောင်စုနိုင်ငံအတွင်း၊ ထိုပိဋကသုံးပုံပါဠိတော် အဋ္ဌကထာနှင့် ဋီကာစာမူများကို ပုံနှိပ်ကြရာတွင်၊ အမှားအယွင်းမပါရအောင် စည်းကမ်းများသတ်မှတ်၍၊ ထိုစည်းကမ်းများအတိုင်း လိုက်နာသူများကိုသာ ပုံနှိပ်ခွင့်ပြုရမည်။

၂၁-ဂ။ ။ ပြည်ထောင်စုနိုင်ငံအစိုးရသည်၊ မန္တလေးတောင်ခြေအနီး မဟာလောက မာရဇိန် ကုသိုလ်တော် ဘုရားပရဝုဏ်အတွင်းရှိ ပဉ္စမသံဂါယနာတင် ပိဋက ပါဠိတော် ကျောက်စာများနှင့် ထိုဘုရားအနီး စန္ဒာမုနိဘုရားပရဝုဏ်အတွင်းရှိ အဋ္ဌကထာနှင့် ဋီကာကျောက်စာများကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိစေရမည်။

၂၁-ဃ။ ။ ပြည်ထောင်စုနိုင်ငံအစိုးရသည်၊ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် အောက်ပါဆရာတော်ကြီးများအား ပင့်ဖိတ်၍၊ နိုင်ငံတော်ဘာသာ သာသနာအတွက် မိမိ၏ ဆောင်ရွက်ခဲ့ပုံများကို တင် ပြရမည့်ပြင်၊ ထိုဆောင်ရွက်ခဲ့ပုံများနှင့် စပ်လျဉ်းသည့် ဆရာတော်ကြီးများ၏ ဝေဖန်ချက်၊ အကြံပေးချက်နှင့် ဩဝါဒများကိုလည်း ကြားနာကြရမည်။

(က) အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးများ

(ခ) အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီးများ၊

(ဂ) နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်ကြီးများ နှင့်

(ဃ) နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ။" ။

၄။ ။ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၄၃နောက်တွင် အောက်ပါတို့ကို ပုဒ်မ ၄၃–ကနှင့် ၄၃–ခအဖြစ် ထည့်သွင်းရမည်။

"၄၃–က။ ။နိုင်ငံတော်သည် ပြည်ထောင်စုနိုင်ငံအတွင်း၊ ရှေးမင်းများတည်ထားကိုးကွယ်တော်မူခဲ့ကြ၍၊ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာဟူ၍ သာသနာသမိုင်းတွင် ထင်ရှားကျော်စောသော ရှေးဟောင်းစေတီ၊ ပုထိုးများ၊ စစ်ဘေး၊ သူပုန်ဘေး၊ ငလျင်ဘေးစသော ဘေးအန္တရာယ်များကြောင့် ပျက်စီးလျှင်၊ ထိုစေတီ၊ ပုထိုးများကို ပြုပြင်၊ ပြန်လည်တည်ထောင်ရာ၌ ကူညီထောက်ပံ့ရမည်။

၄၃–ခ။ ။နိုင်ငံတော်သည် ဝိနည်းဒေသနာတော်နှင့် မဆန့်ကျင်စေရန် ပြည်ထောင်စုနိုင်ငံတစ်ဝန်းလုံးတွင်၊ လူပုဂ္ဂိုလ်များအတွက် ဆေးရုံနှင့် တစ်မိုးတစ်ထရံတည်းမဟုတ်မူ၍၊ ဘုန်းတော်ကြီးများနှင့် အပ်စပ်သော သံဃာ့ဆေးရုံများ ထားရှိစေရမည်။ ထိုဆေးရုံများ၌၊ ဘုန်းတော်ကြီးများအား ပြုစုကျွေးမွေးရာတွင်လည်း ဝိနည်းဒေသနာတော်နှင့် မဆန့်ကျင်စေဘဲ ပြုစုကျွေးမွေးရမည်။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

နိုင်ငံတော်သမ္မတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၃ခုနှစ်၊ ဝါခေါင်လပြည့်နေ့။

(၁၉၆၁ခုနှစ်၊ မတ်လ ၂၈ရက်။)

အမိန့်အရ၊

သာထက်

နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။